စီးပွားရေးသမားနဲ့ **Apprentice Asia** ကြယ်ပွင့်တစ်ဦးဖြစ်သူ တိုနီဖာနန်ဒက်စ်ဟာ ငယ်စဉ်က ပိုင်းလော့တစ်ဦး၊ ဘောလုံးသမားတစ်ဦးနဲ့ ပြိုင်ကားမောင်းသမားတစ်ဦးဖြစ်ချင်ခဲ့သူပါ။
၂၀၁၁ ခုနှစ်အရောက်မှာတော့ တိုနီဟာ သူ့ကိုယ်ပိုင်လေကြောင်းလိုင်းကိုတည်ထောင်ပြီးပြီ၊ ကိုယ်ပိုင် ဖော်မြူလာဝမ်းပြိုင်ကားအသင်းကိုလည်း ပိုင်ဆိုင်နေပြီ၊ သူ ဥက္ကဋ္ဌအဖြစ်တာဝန်ယူထားပြီဖြစ်တဲ့ အင်္ဂလိပ်ဘောလုံးအသင်း **Queens Park Rangers** ကို ၁၅ နှစ်ကြာ တိမ်မြုပ်နေတဲ့အနေအထားကနေ **Premier League** ပွဲစဉ်တွေထဲက ထိပ်တန်းအသင်းဖြစ်စေခဲ့ပါပြီ။
လက်ရှိ ၂၀၂၀ ပြည့်နှစ် ***Forbes*** ရဲ့စာရင်းအရ သူ့ရဲ့ **Net Worth** က အမေရိကန်ဒေါ်လာ ၃၃၅ သန်းရှိပါတယ်။
**"Flying High"** ( ***AirAsia*** *နှင့် တိုနီဖာနန်ဒက်စ်* ) ဆိုတဲ့ သူ့ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်ထဲမှာတော့ အာရှရဲ့ပထမဆုံး စရိတ်သက်သာလေကြောင်းလိုင်းကိုတည်ထောင်ခဲ့တဲ့၊ အာရှမှာ လေကြောင်းခရီးသွားခြင်းပုံစံကို စိတ်ကြိုက်ရွေးချယ်ခွင့် ဖွင့်ပေးခဲ့တဲ့၊ **AirAsia** ကို ဒေါ်လာသန်းပေါင်းများစွာတန်တဲ့ကုမ္ပဏီဖြစ်အောင် တည်ထောင်ခဲ့တဲ့ အလွန်တရာမှထူးချွန်တဲ့ စီးပွားရေးသမားတစ်ဦးအကြောင်းကို ဖတ်ရှုရမှာဖြစ်တယ်။
သာမန်လူတစ်ဦးဘဝကနေ စီးပွားရေးလောကရဲ့ဦးသျှောင်တစ်ဦးဖြစ်လာပုံကို သူကိုယ်တိုင်ပြောပြထားတဲ့ စိတ်ဝင်စားဖွယ်ဇာတ်ကြောင်းအဖြစ် ပေါ့ပေါ့ပါးပါးနဲ့ဖတ်ရှုနိုင်သလို … လူနေရှုံကြားစိတ်နေဘုံဖျား သာမန်လူတို့အနေနဲ့ ကိုယ်တိုင်လိုက်ပါစီးမျောရင်း မှတ်သားစရာတွေလည်း ထုတ်ယူနိုင်ပါလိမ့်မယ်။

ခိုင်မာတဲ့အသင်းအဖွဲ့ကိုတည်ထောင်၊ ပြီးရင်
သူတို့ ဆုံးဖြတ်ချက်တွေချနိုင်ဖို့ လုပ်ပိုင်ခွင့်အာဏာကိုပေး …

နိမ့်ချတတ်ပါ …ပြီးတော့
သင်ဘယ်နေရာက စတင်ခဲ့သလဲ ဘယ်တော့မှ မမေ့ပါနဲ့